ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ (13-7-2011) (၆၀၁၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်
ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ကောင်စီနယ်မြေအတွင်း လှည့်လည်ကြည့်ရှုလေ့လာ
အောင်မြင်ဖြစ်ထွန်းနေသော အထူးအထွက်တိုးစပါးစိုက်ခင်းနှင့် အထွက်တိုးကြံစိုက်ခင်းများ ကြည့်ရှု

လာအို ပြည်သူ့ဒီမို ကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဖောင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်ထားသော အထူး အထွက်တိုးစပါးမျိုး သုတေသနစိုက်ခင်းကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်ထားသော အထူးအထွက်တိုးစပါးမျိုး သုတေသနစိုက်ခင်းသို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်နှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အထူးအထွက်တိုး မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးရန်၊ စိုက်ပျိုးသီးနှံများအလိုက် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်များကို ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီစွာ လေ့ကျင့်ပညာပေးရန် ရည်ရွယ်၍ ထူထောင်ထားရှိမှု၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များကို စဉ်ဆက်မပြတ် သုတေသနပြုလုပ်နေမှု၊ သီးနှံများအလိုက် စိုက်ခင်းဧကများ၊ အထွက်နှုန်းများ မှန်ကန်တိကျရေးတို့ကို အလေးထားဆောင်ရွက်နေမှု၊ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် ပြည်တွင်း၌ ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို ထုတ်လုပ်နေမှုနှင့် တောင်သူများအား လက်တွေ့သင်ကြားပေးနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးအထွက်တိုးစပါးမျိုး သုတေသနစိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၂-၇-၂၀၁၁

မချမ်းဘော	၆ ဒသမ ၅၈ လက်မ
ကော့သောင်း	၅ ဒသမ ၉၅ လက်မ
ဗန်းမော်	၃ ဒသမ ၅၅ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	၃ ဒသမ ၁၁ လက်မ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

ယ နေ့ သ တ င် း အ ညွှ န် း

ဖောင်ဒေးရှင်း၏ လုပ်ငန်းစဉ်များကို ပြည်သူများ ပိုမိုသိရှိနိုင်ရေး မီဒီယာများမှ လှုံ့ဆော်ပညာပေး (သတင်း)စာမျက်နှာ - ၃

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပညာရေး၊ ဟိုတယ်/ခရီးနှင့် ပြည်ထဲရေးအသင်းတို့ အနိုင်ရရှိ (သတင်း)စာမျက်နှာ - ၁၀

အမှန်တကယ်ထုတ်လုပ်နိုင်မှုအပေါ် တွက်ချက်ပြီး စွမ်းအင်လိုအပ်ချက်ကို ဒေသအလိုက် ခွဲဝေသုံးစွဲ (သတင်း)စာမျက်နှာ - ၉

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားလွယ်ကူစွာ ဆောင်ရွက်ပေးမည် (သတင်း)စာမျက်နှာ - ၇

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ၌ ယနေ့အထိ ဈေးပြိုင် စနစ်ဖြင့် ကျောက်စိမ်း အတွဲပေါင်း ၁၂၀ ရောင်းချရ (သတင်း)စာမျက်နှာ - ၁၀

ကြေးမုံ The Mirror

၁၃- ၇ -၂၀၁၁
(ဗုဒ္ဓဟူးနေ့)

မြန်မာ-လာအို ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲ

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်မှုနှင့်အတူ အပြန်အလှန်လည်ပတ်မှုများလည်း ပိုမိုဖြစ်ထွန်းလျက်ရှိသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဇူလိုင် ၁၁ ရက်က နေပြည်တော်သို့ ရောက်ရှိလာသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧည့်သည်တော် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၁ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအဆောက်အအုံ ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည်။

ယင်းသို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က **"အဆွေတော်၏ခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မြဲစေရန် တွန်းအားပေးသွားမည်ဟု ယုံကြည်ပါကြောင်း၊ လာအိုနိုင်ငံတွင် မကြာမီက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ပြီး အစိုးရသစ် ဖွဲ့စည်းနိုင်ခဲ့ခြင်းအတွက် လာအိုအစိုးရနှင့် ပြည်သူများအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်အား လာအိုနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ထပ်မံခန့်အပ်ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း"** ပြောကြားသည်။

ဧည့်သည်တော်လာအိုဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်ကလည်း **"အဆွေတော်၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်အနေဖြင့် မြန်မာပြည်သူများအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုးရလဒ်များကို ဖော်ဆောင်နိုင်ပြီး ကမ္ဘာ့တစ်ဝန်းနှင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့တွင် ပိုမိုအထောက်အကူပြုလာနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း"** ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတနှင့် လာအိုဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံဆက်ဆံရေး၊ မဲခေါင်မြစ်ကြောင်းတစ်လျှောက် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊ နယ်စပ်ဒေသလုံခြုံရေးနှင့် အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် နည်းလမ်းများရှာဖွေဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးကြသည်။ ထို့အတူ နှစ်နိုင်ငံယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု၊ သာသနာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာနှင့် ဒေသတွင်းကိစ္စရပ်များတွင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုတိုးတက်စေရန် နည်းလမ်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့ သံတမန်ဆက်သွယ်ရေး ထူထောင်လာခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီ။ နှစ်နိုင်ငံအကြား ဖြစ်တည်နေသည့် အိမ်နီးချင်းကောင်းပီသမှု၊ ကောင်းမွန်သည့် ထုံးတမ်းစဉ်လာဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတို့သည် ပိုမိုခိုင်မာလျက်ရှိသည်။ ယခုကဲ့သို့ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်သည့် ချစ်ကြည်ရေးခရီးစဉ်များသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မြဲစေရုံသာမက ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်နိုင်ရေး တွန်းအားကောင်းများပင်ဖြစ်ကြောင်း သုံးသပ်မိပါသည်။ ။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၂-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၃၄၀၂	၀. ၀၃၂၉၅
တရုတ် (ယွမ်)	၆. ၄၇၀၇၃	၀. ၁၅၄၅၄
အိန္ဒိယ (ရူပီး)	၄၄. ၇၀၅၀	၀. ၀၂၂၃၇
မလေးရှား (ရင်းဂစ်)	၃. ၀၃၃၅၀	၀. ၃၂၉၅၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၆၄၉	၀. ၈၁၅၃၄
ဂျပန် (ယန်း)	၇၉. ၆၈၀၄	၀. ၀၁၂၅၅
တောင်ကိုရီးယား(ဝမ်)	၁၀၆၆. ၄၃	၀. ၀၀၀၉၄
ယူရို	၀. ၇၁၄၅၈	၁. ၃၉၉၄၃
ဗြိတိသျှ (ပေါင်)	၀. ၆၃၀၇၇	၁. ၅၈၆၃၆

အင်တာနက်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ စာသင်ကျောင်းများအတွက် ပညာရေးဆိုင်ရာထောက်ပံ့မှုများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ စာသင်ကျောင်းများအတွက် စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့သည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွာသစ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြကာ ရွာသစ်ကျေးရွာ အမှတ် (၁၅၇)အခြေခံပညာမူလတန်းလွန်ကျောင်း၊ ဒိုးနွယ်ကျေးရွာ အမှတ်(၁၅၈) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ရဲဒီကျေးရွာ အမှတ်(၁၅၉)အခြေခံပညာမူလတန်းကျောင်းများ၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့က အမှာစကား ပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ရွာသစ်ကျေးရွာ အမှတ်(၁၅၇) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ စာအုပ် ၁၀၂ ဒါဇင်၊ ဒိုးနွယ်ကျေးရွာ အမှတ်(၁၅၈)အခြေခံပညာမူလတန်းလွန်ကျောင်းသို့ စာအုပ် ၄၂ ဒါဇင်၊ ရဲဒီကျေးရွာ အမှတ်(၁၅၉) အခြေခံပညာမူလတန်းကျောင်းသို့ စာအုပ် ၃၃ ဒါဇင်တို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၏ဇနီး ဒေါ်ခင်သန့်စင်က ရွာသစ်ကျေးရွာ အမှတ်(၁၅၇) အခြေခံပညာမူလတန်းလွန်ကျောင်း ဆရာ၊ ဆရာမများအတွက် ဝတ်စုံ ကိုးစုံ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ ဘောလ်ပင်၊ ကွန်ပါဘူး အစုံ ၂၈၀ ကို လည်းကောင်း၊ ဒိုးနွယ်ကျေးရွာ အမှတ်(၁၅၈) အခြေခံပညာမူလတန်းလွန်ကျောင်း ဆရာ၊ ဆရာမများအတွက် ဝတ်စုံခုနစ်စုံ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ ဘောလ်ပင်၊ ကွန်ပါဘူး ၁၆၁ စုံကိုလည်းကောင်း၊ ရဲဒီကျေးရွာ အမှတ်(၁၅၉) အခြေခံပညာမူလတန်းလွန်ကျောင်း ဆရာ၊ ဆရာမများအတွက် ဝတ်စုံသုံးစုံ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ ဘောလ်ပင်၊ ကွန်ပါဘူးအစုံ ၁၃၀ ကိုလည်းကောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက် အမှတ်(၁၆၆)အခြေခံပညာမူလတန်းကျောင်း စာသင်ခန်းမသို့ ရောက်ရှိပြီး နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြကာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက စာအုပ် ၈၅ ဒါဇင်ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၏ဇနီး ဒေါ်ခင်သန့်စင်က ဆရာ၊ ဆရာမများအတွက် ဝတ်စုံငါးစုံ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ ဘောလ်ပင်၊ ကွန်ပါဘူး ၁၉၆ စုံတို့ကိုလည်းကောင်း ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် စာသင်ခန်းမများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအား အာဟာရတိုက်ကျွေးရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

(သတင်းစဉ်)

သထုံမြို့နယ် ကျိုက္ကော်လမ်းမတန်းနေ ဦးတင်လှိုင်မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် ၁၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။ (ကြေးမုံ)

ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေး နေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းရည် နှင့် ကျောင်းသား၊ ကျောင်းသူများ သစ်ပင်စိုက်ပျိုးကြစဉ်။
(ကြေးမုံ)

(စင်ထရယ်)အထက(၁)လသာ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇူလိုင် ၁၂

၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ (စင်ထရယ်) အထက(၁) လသာကျောင်းသားဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်တိုဘာ ၁၂ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း ကျန်းမာရေးနှင့် ကူညီစောင့်ရှောက်မှုရုံးခန်းသို့ ပါဝင်တက်ရောက်နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၃ ရက်က ကျင်းပရာ လက်ထောက်တိုင်းဒေသကြီး ပညာရေးမှူး ဦးကြည်အောင်နှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(၃၆၅)

ဖောင်ဒေးရှင်း၏လုပ်ငန်းစဉ်များကို ပြည်သူများ ပိုမိုသိရှိနိုင်ရေး မီဒီယာများမှ လှုံ့ဆော်ပညာပေးပြီး ပူးပေါင်းပါဝင် ပြည်သူကိုအခြေခံသော ရန်ပုံငွေစနစ်ထူထောင်ရန် နည်းလမ်းများ၊ အစီအစဉ်များ စတင်ချမှတ်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း နာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများအား ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှိ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းအား သင်းဖွဲ့မှတ်ပုံတင် ဆောင်ရွက်ထားမှုအခြေအနေ၊ အလှူငွေနှင့် စာအုပ်၊စာစောင်များ လက်ခံရရှိမှု အခြေအနေ၊ ဖောင်ဒေးရှင်း၏ ဘဏ္ဍာငွေ အခြေအနေ၊ စာကြည့်တိုက်များအား ကွင်းဆင်းလေ့လာပြီး စံ(၅)ချက်နှင့် ညီသော စာကြည့်တိုက်များဖြစ်အောင် ပံ့ပိုးဆောင်ရွက်ပေးမှု၊ စာကြည့်တိုက်မရှိသေးသည့် ကျေးရွာများတွင် စာကြည့်တိုက်များ တည်ထောင်ပေးနေမှု အခြေအနေ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ လုပ်ငန်းစဉ်များကို ပြည်သူလူထု ကျယ်ပြန့်စွာသိရှိလာစေရေးအတွက် လက်ကမ်းစာစောင်များ ပုံနှိပ်ဖြန့်ဝေခြင်းနှင့် ရေဒီယိုအသံလွှင့် ဇာတ်လမ်းနှင့် ရုပ်မြင်ဇာတ်လမ်းများ ရိုက်ကူးထုတ်လွှင့် ဆောင်ရွက်နေမှု အခြေအနေ၊ စာကြည့်တိုက်များသို့ ဆက်လက်ကူညီပံ့ပိုးသွားမည့်အစီအစဉ်၊ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားဆောင်ရွက်မှုနှင့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ကျေးရွာစာကြည့်တိုက်များ ထူထောင်ရေးအတွက် အဆောက်အအုံ၊ စာအုပ်၊ စာစောင်များနှင့် ပရိဘောဂ များထောက်ပံ့နေမှု အခြေအနေများ၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆောင်ရွက်ရေးအတွက် စီစဉ်ထားရှိမှု အခြေအနေ၊ စာအုပ်၊စာစောင်နှင့် အလှူငွေ ပေးအပ်လှူဒါန်းပွဲများ ကျင်းပရေး စီစဉ်ထားရှိမှု၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ ပြည်သူလူထု အထောက်အကူပြု စာအုပ်၊ စာစောင်များ ပုံနှိပ်၍ အခမဲ့ ဖြန့်ချိရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးချက်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးမှာကြားရာတွင် တစ်နိုင်ငံလုံးတွင် တည်ထောင်ပြီး စာကြည့်တိုက်ပေါင်း ၅၅၇၅၅ အား ကွင်းဆင်းလေ့လာစိစစ်ပြီး စံ(၅)ချက်နှင့် ကိုက်ညီသည့် စာကြည့်တိုက်များကို ပိုမိုတိုးတက် ဖွံ့ဖြိုးအောင် ပံ့ပိုးပေးခြင်း၊ စံ(၅)ချက်နှင့် ကိုက်ညီမှု မရှိသေးသည့် စာကြည့်တိုက်များအား မတည်ပံ့ပိုးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရေး၊ ဖောင်ဒေးရှင်း၏ ရန်ပုံငွေကို သုံးစွဲရာ၌ စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ပထမဦးစားပေး၊ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု ဆောင်ရွက်ရန်အတွက် ဒုတိယဦးစားပေး၊ စာအုပ်၊စာစောင်များ ပံ့ပိုးမှုကို တတိယဦးစားပေး လုပ်ငန်းများအဖြစ် သတ်မှတ်ဆောင်ရွက်ရေး၊ လုပ်ငန်းဆောင်ရွက်ပေးမှုတိုင်းကိုလည်း စာရင်းစစ်ဆေးခြင်း အပါအဝင် စနစ်တကျ ထိန်းသိမ်းကြပ်မတ်မှုများ ပြုလုပ်ရေး၊ စာကြည့်တိုက် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် မြို့နယ်အဆင့်က ထိထိရောက်ရောက် ပါဝင်လှုပ်ရှား ဆောင်ရွက်လာစေရန် ပညာပေးလှုံ့ဆော်စည်းရုံး ဆောင်ရွက်ရေး၊ စာကြည့်တိုက်မှူးများအားလုံးသို့ စာကြည့်တိုက်ပညာ သင်တန်းများ ပို့ချပေးခြင်း၊ ဆင့်ပွားပေးခြင်း အစီအစဉ်များကို စီမံအကောင်အထည်ဖော် ဆောင်ရွက်ရေး။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ရန်ပုံငွေရရှိရေးအတွက် ပြည်သူကို အခြေခံသော ရန်ပုံငွေစနစ် ထူထောင်ရန် ဖြစ်နိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်များ၌ စတင်အကောင်အထည်ဖော်နိုင်ရေး နည်းလမ်းများ၊ အစီအစဉ်များ စတင်ချမှတ် ဆောင်ရွက်ရေး၊ ဖောင်ဒေးရှင်း၏ လုပ်ငန်းစဉ်များကို ပြည်သူများ ပိုမိုသိရှိနိုင်ရေးအတွက် မီဒီယာများမှ လှုံ့ဆော်ပညာပေးပြီး ပူးပေါင်းပါဝင်လာစေရေး၊ စေတနာရှင် ပြည်သူများမှ ပိုမိုပါဝင် လှူဒါန်းလာနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ရေး၊ ဖောင်ဒေးရှင်း၏ ရန်ပုံငွေ တိုးပွားရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် နိုင်ငံတော်အစိုးရက ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်ပါ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွင် ကျေးလက်ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ၌ ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစပ်ပါဝင် ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ဆွေးနွေးပြီး မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိကျခိုင်မာသည့် စည်းမျဉ်းနှင့် အခြေခံမူများ ချမှတ်၍ နိုင်ငံတော်နှင့် ဒေသအာဏာပိုင်များ၊ ဒေသခံပြည်သူများ၊ စေတနာရှင် လူပုဂ္ဂိုလ်များနှင့် NGO များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဖောင်ဒေးရှင်းစသည့် အားလေးအားဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

ပညာဂုဏ်ရောင် အလင်းဆောင်

စာကြည့်တိုက်ပညာသင်တန်းသားများ တပ်ကုန်းစာကြည့်တိုက်လေ့လာ

နေပြည်တော် ဇူလိုင် ၁၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အခြေခံစာကြည့်တိုက် ပညာသင်တန်း (၁/၂၀၁၁)မှ အုပ်ချုပ်သူတစ်ဦး၊သင်တန်းသူ ကိုးဦးတို့သည် ဇူလိုင် ၁၂ ရက်က တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာရှိ မျိုးဆက်သစ်စာကြည့်တိုက်သို့ လေ့လာရေး သုံးရက်ကြာ ရောက်ရှိလာခဲ့သည်။

ရှောက်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကြည်လွင်စိုးနှင့် မျိုးဆက်သစ် စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက်တွင် စာအုပ်၊ စာစောင်များကို တိုက်ပိုင်၊ ကတ်တလောက်များရေးသွင်းခြင်း၊ ဒေသလုပ်ငန်းများ လေ့လာခြင်း၊ ပဥ္စမတန်းကျောင်းသား၊ ကျောင်းသူများ စာစီစာကုံးပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ရှောက်ကုန်းကျေးရွာ၊ ပုဏ္ဏမာကျေးရွာများတွင် စာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူရန်အတွက် တစ်အိမ်တက်ဆင်း လှည့်လည် အလှူခံခြင်းများ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ ရုံးချုပ်မှ စာအုပ်၊ စာစောင်များ စာကြည့်တိုက်မှူးသို့ ပေးအပ်လှူဒါန်းခြင်း၊ စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပေးအပ်ခြင်း၊ အလှူခံ ရရှိထားသော ငွေကျပ် ၂၀၅၂၀၀ ကို သင်တန်းသူများက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက် ကော်မတီသို့ ပေးအပ်လှူဒါန်းကြသည်။ **(ဝဲပုံ)**

(၀၉၂)

ပန်းတုန်းအလယ်တန်းကျောင်း စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၂

သရက်ခရိုင် မင်းတုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ပန်းတုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များလှူဒါန်းပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မဂ္ဂဇင်း၊ ဂျာနယ် ၅၀၊ မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးမောင်ထွန်းက ဂျာနယ် ၂၅ စောင်နှင့် စိုက်/ဘဏ် မန်နေဂျာ ဦးဇော်လင်းက ဂျာနယ်စောင်ရေ ၃၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက် များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၀ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၈။ အတီးပြိုင်ပွဲ
- ၈:၂၅ ၉။ "မိုးလရာသီရောက်ခဲ့ပြီ မြေဆီစိုခိုက်သစ်ပင်စိုက်"
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၁၀ ၃။ တေးဂီတအစီအစဉ်
- ၄:၂၀ ၄။ "သတင်းကောင်း"
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ သီချင်းကြီးပဒေသာ
- ၅:၁၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၂၀ ၉။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၃၅ ၁၃။ ရွှေရင်ခုန်သံ
- ၇:၀၀ ၁၄။ "(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြို" (အလေးမ)
- ၇:၃၀ ၁၅။ အလင်္ကာကျော်စွာရွှေပြည်အေး နှစ်(၁၀၀)ပြည့် ဂုဏ်ပြုတေးအစီအစဉ်
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ"
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၇၅)**
- ၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း "အထက်တန်းစား"** (လူမင်း၊ နေဆန်း၊ နန္ဒာလှိုင်၊ ပြည့်ဖူးခိုင်) (ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၂၂။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၁၁) ပထမနေ့ အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၁၁) ပထမနေ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ် ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၁၁) ပထမနေ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ ညီလာခံ ပထမနေ့အစည်းအဝေးသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁) ကျင်းပရေးကော်မတီ အတွင်းရေးမှူး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ ဆပ်ကော်မတီများမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် စစ်မှုထမ်းဟောင်းညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁) ပထမနေ့ အစည်းအဝေး နံနက်ပိုင်းအစီအစဉ်တွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက ဆောင်ရွက်သည်။

အစီအစဉ်အရ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၁)အရ ၂၀၁၁ ခုနှစ် ဧပြီလ ၂၀ ရက်တွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး ၎င်းဗဟိုစည်းရုံးရေးကော်မတီ၏ဦးဆောင်မှုဖြင့် ဤညီလာခံကြီးကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ယခုပြုလုပ်သော ညီလာခံ(၂၀၁၁)သည် စတုတ္ထအကြိမ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးမှ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းပေးရာတွင် လုပ်ငန်းတာဝန်ကြီး(၇)ရပ်ကိုလည်း တာဝန်ပေးအပ်ခဲ့ကြောင်း၊ ယင်းတာဝန်များမှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများ၊ နိုင်ငံတော်အကျိုးပြုလုပ်ငန်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးနှင့် လူမှုရေးကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးရန်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ ကူညီရိုင်းပင်းရေးနှင့် စည်းလုံးညီညွတ်ရေးကို ရှေးရှုဆောင်ရွက်ရန်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ စစ်မှုထမ်းဟောင်းများ၏ ကောင်းသောအစဉ်အလာများကို ထိန်းသိမ်း၍ နောင်လာနောက်သားများအား နမူနာကောင်းပြနိုင်ရေးနှင့် ပြန့်ပွားရေးကို ရှေးရှုဆောင်ရွက်ရန်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ အသိပညာတိုးပွားရေးနှင့် အရည်အသွေးမြင့်မားလာစေရေးကို ရှေးရှုဆောင်ရွက်ရန်နှင့် အငြိမ်းစားယူပြီးကာစ နေထိုင်ရေးအခက်အခဲရှိသော စစ်မှုထမ်းဟောင်းများအတွက် နေရာချထားရေး စီမံဆောင်ရွက်ရန်တို့ပင် ဖြစ်ပါကြောင်း။

စစ်မှုထမ်းဟောင်းဗဟိုစည်းရုံးရေးကော်မတီအနေဖြင့် နိုင်ငံတော်သမ္မတရုံးမှ ပေးအပ်ထားသော လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရန် လုပ်ငန်းကဏ္ဍကြီး(၅)ရပ် သတ်မှတ်ပြဋ္ဌာန်းပေးပြီးဖြစ်ပါကြောင်း၊ ယင်းတို့မှာ အမျိုးသားနိုင်ငံရေးလုပ်ငန်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ လူမှုရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတို့ဖြစ်ပါကြောင်း။

စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ရာတွင် မြို့နယ်စည်းရုံးရေးကော်မတီများသည် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး ဖြစ်သည့်အတွက် မြို့နယ်အဆင့်တွင်လည်း ဆပ်ကော်မတီ(၅)ခု ဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်၊ ပြည်သူ့သဘောထား(၄)ရပ်ကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူကျင့်သုံးသွားကြရန်၊ ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားနိုင်ငံရေးလမ်းစဉ်အဖြစ် ခံယူကျင့်သုံး အကောင်အထည်ဖော်သွားကြရန်၊ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို ကျစ်လျစ်ခိုင်မာပြီး စည်းလုံးညီညွတ်မှုရှိသော အဖွဲ့အစည်းအဖြစ် ဆက်လက်စည်းရုံး တည်ဆောက်သွားကြရန်၊ နိုင်ငံတော် ကာကွယ်ရေးအင်အားစုကြီးအဖြစ် မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲတာဝန်ယူဆောင်ရွက်ကြရန်၊ စီးပွားရေးလုပ်ငန်းများ တိုးတက်၍ ဘဏ္ဍာရေးတောင့်တင်းခိုင်မာရန် မိမိနယ်မြေဒေသ၊ ရာသီဥတု၊ သယံဇာတများအပေါ် အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ဦးစားပေးရွေးချယ်ပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အားသွန်ခွန်စိုက် လုပ်ကိုင်ကြရန် တိုက်တွန်းပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့များနှင့် မြို့နယ်စည်းရုံးရေး ကော်မတီများသည် စနစ်တကျကြီးကြပ်ကွပ်ကဲ၍ တိကျသည့်လုပ်ငန်းတာဝန်ခွဲဝေမှု ဆောင်ရွက်သွားမည်ဆိုပါက အသင်းကြီး၏ မျှော်မှန်းထားသည့် ရည်ရွယ်ချက် အောင်မြင်သည်ထက် အောင်မြင်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံး၏ (၃၀-၆-၂၀၁၁)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၀၆/၂၀၁၁) အရ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်မှ ဗိုလ်ကြီးမောင်တိုး(အငြိမ်းစား)က အဆိုတင်သွင်းရာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်မှ ဗိုလ်ကြီးကျော်သက်မော်(အငြိမ်းစား)က ထောက်ခံတင်ပြဆွေးနွေးပြီး အစည်းအဝေး (ပထမပိုင်း) အစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ နံနက်ပိုင်း အစီအစဉ်များ၌ သဘာပတိအဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်ချုပ်ငွေသိန်းက လည်းကောင်း၊ မွန်းလွဲပိုင်းအစီအစဉ်များ၌ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်ချုပ်သန်းစိုးကလည်းကောင်း ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ဗဟိုစည်းရုံးရေးကော်မတီအတွင်းရေးမှူး(၁) ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးသန်းဦးက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် သက်ဆိုင်ရာကိုယ်စားလှယ်များက မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းတာဝန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၁၁) ပထမနေ့ အစည်းအဝေးကို ရပ်နားလိုက်သည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မြိုင်မြို့နယ်အတွင်းမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးအား ဆုပေးအပ်စဉ်။ (သတင်းစဉ်)

ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားများကျင်းပ

နေပြည်တော် ဇူလိုင် ၁၂

မြိုင်မြို့နယ်အတွင်းမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက်တွင် ပခုက္ကူခရိုင် မြိုင်မြို့ နံ့သာမြိုင်ခန်းမ၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းတက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦး၊ ဂုဏ်ထူးအများဆုံးရရှိအောင် သင်ကြားပေးနိုင်ခဲ့သည့် ဆရာ၊ ဆရာမများနှင့် အောင်ချက်အကောင်းဆုံးရရှိသည့် ကျောင်းသုံးကျောင်းတို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ကြသည်။

ယခုနှစ်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူး ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူး နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူး ၁၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူး ၄၁ ဦး စုစုပေါင်း ၆၅ ဦးတို့ ထူးချွန်စွာအောင်မြင်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြိုင်မြို့နယ် အောင်သုခစံပြကျေးရွာ၌ ကျင်းပသည့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် အလှူရှင် ဦးသာလှတို့က ဆေးခန်းအဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ ဆေးခန်းအဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲကို မင်္ဂလာမဏ္ဍပ်အတွင်း ဆက်လက်ကျင်းပရာ အလှူရှင် ဦးသာလှက ဆေးခန်းအဆောက်အအုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ကျန်းမာရေးဦးစီးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဆေးခန်းအဆောက်အအုံသစ် အလှူရှင်များဖြစ်ကြသည့် ဒေါ်ရူပသီရိ၊ ဒေါ်ကေသီရိနှင့် ဒေါ်စန္ဒသီရိတို့က ဆေးခန်းအတွက် ဆေးပဒေသာပင်အလှူငွေကျပ် သိန်း ၃၀၀ ကိုလည်းကောင်း၊ စေတနာရှင်ပြည်သူများက ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် ဆေးပဒေသာပင်ငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။(သတင်းစဉ်)

ဇူလိုင် ၄ ရက်က ကလေးမြို့နယ် အင်ဒိုင်းကြီးကျေးရွာအုပ်စု အင်ဒိုင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၈၂ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညီညီသိန်းဇံက ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်ဟန် လက်ခံစဉ်။ (ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်အောင်နှင့် ကြံခင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားများ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်

နေပြည်တော် ဇူလိုင် ၁၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ပေါက်ကုန်းစွန်းကျေးရွာအုပ်စု သရက်ပင်စျေးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၉ ရက် ညနေပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် ဇနီး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှခိုင်နှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဝင်းနိုင်၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဝင် ဦးခင်မောင်ရီ၊ အမျိုးသားလွှတ်တော်အစိုးရ၏ ကတိကဝတ်နှင့် အာမခံချက်များစိစစ်ရေးကော်မတီဝင် ဒေါက်တာဌေးဝင်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လက်ထောက်ပညာရေးမှူး (စစ်ဆေးရေး)၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လက်ထောက်တိုင်းဒေသကြီး ပညာရေးမှူး ဦးဝင်းမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကြူနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အစီအစဉ်များကို ကျောင်းခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျွဲတဲကုန်းကျေးရွာအုပ်စု အိုင်ကလောကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ကျောင်းအကျိုးတော်ဆောင်များနှင့် တွေ့ဆုံပြီး ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဆုနှင်းသဘင်အခမ်းအနားသို့ တက်ရောက်ကြ၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။ ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦးနှင့် အောင်ချက်အကောင်းဆုံး ဆုရကျောင်းများအား ဆုများ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်အောင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ဗလာစာအုပ်နှင့် စာရေးကိရိယာများကိုလည်းကောင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ငွေများကိုလည်းကောင်း သက်ဆိုင်ရာကိုယ်စားလှယ်များထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည့် ဆန်စပါးအထူးပြုကုမ္ပဏီနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး စိုက်ပျိုးစရိတ်ရရှိရေး၊ လယ်ယာကုန်ထုတ်လုပ်ငန်းတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းရပ်များကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကြံခင်းမြို့ ဧရာဦးခန်းမ၌ ကျင်းပသော ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဆုဂုဏ်ပြုချီးမြှင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးက ပညာရည်ထူးချွန်ဆု ချီးမြှင့်ငွေနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် မြို့နယ်အတွင်းရှိ အလှူရှင်များက ပညာရေးအလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ကြံခင်းမြို့နယ်အတွင်း ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခုနစ်ဦးနှင့် အောင်ချက်အကောင်းဆုံးဆုရကျောင်းများအား ဆုများချီးမြှင့်ခဲ့ကြသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် မြန်အောင်မြို့နယ်မှ ထူးချွန်ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်စဉ်။ (သတင်းစဉ်)

မော်လိုက်ခရိုင် ပြည်သူ့ဆေးရုံသို့ (၁၀၀-MA) ဓာတ်မှန်စက် ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၂

မော်လိုက်မြို့နယ် ရွှေထုတ်လုပ်သူများအသင်းက မော်လိုက်ခရိုင် ပြည်သူ့ဆေးရုံသို့ (၁၀၀-MA)ဓာတ်မှန်စက် ပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက အဆိုပါဆေးရုံ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ငွေကျပ် ၄၉၃၁၈၀၀ တန်ဖိုးရှိသည့် (၁၀၀-MA) ဓာတ်မှန်စက်ကို မြို့နယ်ရွှေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးအောင်စိုးပိုင်က ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

ရဲတံခွန်လုပ်ကွက်အနီး PC Myanmar ကုမ္ပဏီမှ ရဟတ်ယာဉ်တစ်စင်း စက်ချွတ်ယွင်း၍ ပျက်ကျ ကုမ္ပဏီဝန်ထမ်းသုံးဦး သေဆုံးပြီး လေးဦးဒဏ်ရာရ

နေပြည်တော် ဇူလိုင် ၁၂

မြန်မာနိုင်ငံ ကပ္ပလီပင်လယ်ရှိ ရဲတံခွန်ကမ်းလွန် လုပ်ကွက်အနီး၌ ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း PC Myanmar ကုမ္ပဏီမှ သတင်းရရှိသည်။

ဖြစ်စဉ်မှာ အဆိုပါ ရဟတ်ယာဉ်သည် PC Myanmar ကုမ္ပဏီအတွက် ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီများမှ ဝန်ထမ်းကိုးဦးအား သယ်ဆောင်၍ Floating Storage and Off-Loading (FSO) ရေယာဉ်ပေါ်မှ သုံးမိုင်အကွာရှိ ရဲတံခွန်ရေနံစင်သို့ သွားရန် လေထဲသို့ ပျံတက်ပြီး မကြာမီတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း။

အခင်းဖြစ်ပွားသည်နှင့် ရဟတ်ယာဉ်ပေါ်ပါ ရဟတ်ယာဉ်မှူးနှစ်ဦးနှင့် ကုမ္ပဏီဝန်ထမ်းကိုးဦးတို့အား ချက်ချင်း ဆယ်ယူနိုင်ခဲ့ကြောင်း၊ သို့သော် သုံးဦးမှာ ဆယ်ယူပြီး မကြာမီ သေဆုံးသွားခဲ့ပြီး လေးဦး ဒဏ်ရာ(မစိုးရိမ်ရ)ရရှိကာ ကျန်လေးဦးမှာ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

အဆိုပါ ဒဏ်ရာရရှိသူများကို လိုအပ်သော ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး အသက်ရှင်ကျန်ရစ်သူ ရှစ်ဦးစလုံးအား ရန်ကုန်မြို့သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ကုမ္ပဏီအနေဖြင့် ရဟတ်ယာဉ်ပေါ်ပါ ဝန်ထမ်းများ၏ မိသားစုဝင်များအား လိုအပ်သော အကူအညီများ ပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ဆောင်မှု ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ရဟတ်ယာဉ်ပျက်ကျရခြင်းမှာ စက်ချွတ်ယွင်းမှု (Technical Problem) ကြောင့်ဖြစ်ကြောင်း၊ ရဲတံခွန် ကမ်းလွန်ရေနံစင်နှင့် FSO တို့အကြား ၂၀၀၁ ခုနှစ်မှ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုဖြစ်စဉ်မှလွဲ၍ မတော်တဆဖြစ်မှု တစ်စုံတစ်ရာမရှိခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျောင်းနေအရွယ်အားလုံး မူလတန်းပညာရေးသင်ယူနိုင်ရေး ဆောင်ရွက် တောင်သူတစ်ဦးချင်း နည်းပညာနှင့်အရင်းအနှီး ကျော်လွှားနိုင်ရန် အစုအဖွဲ့များဖွဲ့စည်း

နေပြည်တော် ဇူလိုင် ၁၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အုန်းနဲကုန်း ကျေးရွာအုပ်စုရှိ တောင်သူ ဦးလင်းလင်းဦး၏ မိုးစပါးစိုက်ခင်း ၁၀ ဧက၌ J×5 စပါးအမျိုးအစားအား သိပ္ပံနည်းကျပျိုးထောင်ထားရှိမှုကို ကြည့်ရှုပြီး ဆည်မြောင်းရိပ်သာ၌ အုန်းနဲကုန်း ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ခြောက်ရွာမှ ရပ်မိရပ်ဖ၊ လယ်စိုက်တောင်သူ ၁၂၃ ဦးအား လည်းကောင်း၊ လက်ပံကျေးရွာ ငမိုးရိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်တွင် ပိုက်ကြီးဝဲ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ခုနစ်ရွာမှ ရပ်မိရပ်ဖ၊ လယ်စိုက်တောင်သူ ၁၃၇ ဦးအားလည်းကောင်း တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်း (၈) ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများ၏ လူနေမှုဘဝမြင့်မားရေး၊ ကျန်းမာရေးနှင့် ကျောင်းနေအရွယ် ကလေးသူငယ်အားလုံး မူလတန်းအဆင့် အခမဲ့ပညာရေးကို အဆင်ပြေချောမွေ့စွာ သင်ယူနိုင်ရေး၊ လိုအပ်သော သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိရေးတို့ကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားများ၏ အဓိကလုပ်ငန်းဖြစ်သော လယ်ယာများမှ သီးနှံများတိုးတက်ထွက်ရှိမှသာ ဝင်ငွေ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားတစ်ဦးချင်းအနေဖြင့် နည်းပညာနှင့် အရင်းအနှီး မတတ်နိုင်သည့်အတွက် လယ်ယာလုပ်ငန်းသည် အကျိုးရှိသင့်သလောက်မရှိခဲ့ကြောင်း၊ ယင်းအခြေအနေများမှ ကျော်လွှားနိုင်ရန် မြို့နယ်အစုအဖွဲ့၊ ကျေးရွာအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပြီး လုပ်ကိုင်နိုင်သည့် တောင်သူလယ်သမားများအား ရွေးချယ်၍ လယ်ယာများလုပ်ကိုင်နိုင်ရေး တိုးချဲ့ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကျေးရွာ ရပ်မိရပ်ဖနှင့် တောင်သူများက လှည်းကူးမြို့နယ်အတွင်းရှိ စိုက်ဧက ၈၉၀၀၀ ကျော်မှ ကျေးရွာအုပ်စုများအလိုက် စိုက်ဧက၊ မျိုးစပါးစုဆောင်းထားရှိမှု၊ ပျိုးထောင်ပြီးအခြေအနေ၊ ရာသီဥတုနှင့် မြေအနေအထားအရ စပါးထွက်ရှိမှု၊ တစ်ဧက ကုန်ကျစရိတ်နှင့် ဓာတ်မြေဩဇာလိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် ဒေသခံရပ်မိရပ်ဖများ၊ လယ်စိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ကြာကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စက်မှုဇုန် အပိုင်း(၃)ရှိ သစ်ဆန်းအကယ်ဒမီ ဖန်ချက်စက်ရုံနှင့် Myanmar Chancellor Construction Co.,Ltd. မှ ဦးအောင်ခြည်-ဒေါ်တင်လှိုင်နှင့် သား မန်နေဂျင်းဒါရိုက်တာ ဦးသိန်းထွန်းအောင် မိသားစုက ဆောက်လုပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

လှူဒါန်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အလှူရှင်များကို ကျေးဇူးတင်စကား ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ ယခုလှူဒါန်းသည့် ကျောင်းဆောင်သစ်သည် RCအမျိုးအစားဖြစ်ပြီး အလျားပေ ၉၀၊ အနံပေ ၃၀ရှိ တစ်ထပ်ကျောင်းဆောင်ဖြစ်ကာ ကျပ်သိန်း ၁၅၀ ကုန်ကျသည်။

အထက်ပါ အလှူရှင်မိသားစုသည် ၂၀၀၃ ခုနှစ်က နွားထိုးကြီး မြို့မအလယ်တန်းကျောင်း(ယခုအထက်တန်းကျောင်း)၌ အလျားပေ ၁၃၀၊ အနံပေ ၃၀ရှိ RC အမျိုးအစား ကျောင်းဆောင်သစ်အား ကျပ်သိန်း ၁၆၀ အကုန်အကျခံ၍လည်းကောင်း၊ ၂၀၀၉ ခုနှစ် ဇွန်လက နွားထိုးကြီးမြို့နယ် ကဒေါင်းကျေးရွာ တွဲဖက်အလယ်တန်းကျောင်း၌ အလျားပေ ၁၁၀၊ အနံပေ ၃၀ ရှိ ကျပ်သိန်း ၁၅၀ တန် RCကျောင်းဆောင်သစ်ကိုလည်းကောင်း၊ ၂၀၁၀ ခုနှစ် ဇူလိုင် ၁၈ ရက်က နွားထိုးကြီးမြို့နယ် ဘူးသီးကျင်းကျေးရွာ၌ အလျားပေ ၉၀၊ အနံပေ ၃၀ရှိ RC အမျိုးအစား တစ်ထပ်ကျောင်းဆောင်ကို ကျပ်သိန်း ၁၅၀ အကုန်အကျခံ လှူဒါန်းခဲ့သည်။ ထို့ပြင် ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်ထိ နွားထိုးကြီးမြို့နယ်နှင့် ကျေးရွာရှိ ကျောင်းများသို့ တစ်နှစ်လျှင် ဗလာစာအုပ်ဒါဇင် ၄၀၀၀ လှူဒါန်းခဲ့သည်။ (၁၉)

ချောက်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၂

ချောက်မြို့နယ်အသင်း (ရန်ကုန်)၏ တတိယအကြိမ် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းနှင့် ကမ္ဘာအေးစေတီလမ်းထောင့်ရှိ ရွှေကျင်နိကာယ သာသနာ့လင်္ကာရ မဟာဓမ္မ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ဦးညိုမောင်(ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၉၀၀၀၉၊ ဒေါက်တာမောင်မောင်မြင့် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၁-၅၅၄၀၆၇၊ ဒုတိယဗိုလ်မှူးကြီးတင်မောင်(ငြိမ်း) (အလုပ်အမှုဆောင်အဖွဲ့) ဖုန်း-၀၁-၅၂၄၈၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်ပါမည် ရတနာခုနစ်သွယ် တကယ်ပင်စုံညီ ဒို့အမျိုးသားတိုင်းပြည်

ဖိုးသာအောင်

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအများစုတွင် နိုင်ငံလူဦးရေ၏ အများစုမှာ ကျေးလက်နေပြည်သူများဖြစ်သည်။ ကျေးလက်ပြည်သူများသည် သဘာဝအလျောက် လယ်ယာကိုင်းကျွန်းဥယျာဉ်ခြံမြေများတွင် စိုက်ပျိုးရေး လုပ်ကြသည်။ မွေးမြူရေးလည်းလုပ်ကြသည်။ ကျေးလက်ပြည်သူအများစု၏ ဘဝမှာ ဆင်းရဲနွမ်းပါးကြသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ အများစုကြီးမှာ ဆင်းရဲကြသည်။

ကမ္ဘာတွင် ဆင်းရဲမွဲတေမှု ပြဿနာ၊ ဆင်းရဲမွဲတေမှု လျှော့ချရေးအကြောင်း၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၌ ဆွေးနွေးကြ၊ အဖြေရှာကြ၊ ဆင်းရဲမွဲတေမှုလျှော့ချရေး ဇောက်ချလုပ်ကြသော သတင်းများ ကြားနေရသည်။ နိုင်ငံရေးမျက်စိဖြင့်ကြည့်လျှင် မြောက်အမေရိက၊ ဥရောပ စသည်တို့တွင် အရင်းရှင်စက်မှုနိုင်ငံများ ပေါ်ထွန်းခဲ့သည်။ စက်မှုအရင်းရှင်စနစ်နှင့်အတူ နယ်ချဲ့ (ကိုလိုနီ)ဝါဒက ပူးကပ်ပါလာသည်။ ထို့ကြောင့် အဆိုပါနိုင်ငံများက စက်မှုနည်းပညာအားကိုးဖြင့် လက်နက်ကောင်းများ၊ ပင်လယ်ကူးသင်္ဘောများ တည်ဆောက်ကာ တောင်အမေရိက၊ အာဖရိက၊ အရှေ့တောင်အာရှ၊ တောင်အာရှ၊ အရှေ့အလယ်ပိုင်းနိုင်ငံများကို ကျူးကျော်ကျွန်ပြုခဲ့ကြသည်။ ယင်းကျွန်ပြုခံနိုင်ငံများမှ သယံဇာတများ၊ ထွက်ကုန်ပစ္စည်းများ လက်ကုန်နှိုက်ထုတ်ယူချမ်းသာသွားကြသည်။ ကျွန်ပြုခံပြည်သူများ မြော့မြော့သာ ကျန်ရစ်သည်။ ထို့ကြောင့်လည်း နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေး တိုက်ပွဲ၊ တော်လှန်ရေးများတွင် ကျေးလက်နေတောင်သူလယ်သမားများ အုံကြွပါဝင်လာခြင်း ဖြစ်ပေသည်။

လူတို့၏သမိုင်း (ကမ္ဘာ့သမိုင်း)ကို ပြန်ကြည့်လျှင်လည်း ကျေးပိုင်ကျွန်ပိုင်ခေတ်၌ ကမ္ဘာ့လူများစုကြီးသည် ကျေးကျွန်များဖြစ်ခဲ့ရသည်။ မြေရှင်ပဒေသရာဇ်ခေတ် ရောက်ပြန်တော့လည်း ကမ္ဘာ့ပြည်သူအများစုကြီးသည် မြေကျွန်များဖြစ်ခဲ့သည်။ စက်မှုအရင်းရှင် (နယ်ချဲ့) ခေတ်ရောက်လာသည့်အခါ ကမ္ဘာ့လူများစုကြီးမှာ လုပ်အားကျွန်၊ တိုင်းခြားသားအောက်ကျွန်သပေါက်ဖြစ်ခဲ့ရသည်။

မြန်မာတို့သည် ဗြိတိသျှနယ်ချဲ့လက်အောက်သို့ နှစ်ပေါင်း ၁၀၀ ကျော် ကျွန်သပေါက်အဖြစ် ဖိနှိပ်၊ ခြယ်လှယ် သွေးစုပ်ခံခဲ့ရသည်။ ရေနံမြေအလုပ်သမားအရေးတော်ပုံ၊ ၁၃၀၀ ပြည့်နှစ် တောင်သူလယ်သမားအရေးတော်ပုံတို့သည် နယ်ချဲ့၏ ရိုင်းပြယုတ်မာစွာ ဖိနှိပ်ညှဉ်းပန်းမှုခံရသည့် အလုပ်သမား၊ တောင်သူလယ်သမား ဆင်းရဲသားတို့၏ ပေါက်ကွဲမှုများဖြစ်ပေသည်။

မြန်မာတောင်သူလယ်သမား (ကျေးလက်ပြည်သူများ)က လယ်ကိုစိုက်၊ ယာကိုစိုက်ကြရ၏။ လက်မှုလယ်ယာအဆင့်ဖြင့် ပင်ပင်ပန်းပန်းစိုက်ကြရ၏။ နယ်ချဲ့ဗြိတိသျှတို့က အိန္ဒိယမှ ချစ်တီးများ ခေါ်သွင်းလာကာ ဗြိတိသျှ (အင်္ဂလိပ်)ဘက်က ချစ်တီးများကို ချေးငွေကျပ် ၁၀၀ လျှင် အတိုးသုံးကျပ်ဖြင့် လိုသလောက်ချေးသည်။ ချစ်တီးတို့က ကျေးလက်နေ တောင်သူလယ်သမားများ၊ မြို့နေလက်လုပ်လက်စား၊ ခေါင်းရွက်ဗျပ်ထိုး၊ လစာနည်း အမှုထမ်းတို့အား ချေးငွေ ၁၀၀ ကျပ်အပေါ် အတိုး ၂၀ ကျပ်၊ ၃၀ ကျပ်မှ ၄၀ ကျပ်အထိယူ၏။ မိုးလေဝသကြောင့်၊ သီးနှံဖျက်ပိုးကြောင့် သီးနှံအထွက်ညံ့သောအခါများ၌ ချစ်တီးကြွေး၊ ချစ်တီးတို့၏ မတန်တဆအတိုးကို မဆပ်နိုင်၊ မြေရှင်ကို မြေထောက်ခ (သီးစားခ) မပေးနိုင်ဖြစ်ရ၏။ ထိုအခါ ချစ်တီးမြေရှင်တို့က အမှုစွဲ၏။ သူတို့ပင်နိုင်၏။ လက်ငုတ်လယ်မြေများ၊ နွားများ၊ ကျွဲများ၊ ထွန်တုံး ထွန်တံများ၊ နေအိမ်တဲငယ်များ အသိမ်းခံ၊ လေလံပစ်ခံလိုက်ကြရ၏။

ဗြိတိသျှကုမ္ပဏီကြီးများဖြစ်သော စတီးဘရားသား၊ ဘူလင်ဂျာပူးလ် စသည်တို့က တောင်သူလယ်သမားတို့၏ သီးနှံများကို ဈေးနှိမ်ပြီးဝယ်သည်။ ပြည်ပသို့ အမြတ်ငွေများစွာရယူတင်ပို့ ရောင်းချ ချမ်းသာသွား၏။ မြန်မာတောင်သူလယ်သမားများမှာ နေတော့တဲပုတ်၊ ဝတ်တော့အစုတ်၊ စားတော့တစ်လုတ်ဘဝဖြင့် နေခဲ့ရသည်။ ဤသို့ဖြင့် ကျေးလက်များတွင် "ဘုရားတန်ဆောင်းပျားစွဲ၊ စပါးတစ်တောင်းငါးပဲ၊ ကုလားနှာခေါင်းဓားဝဲ" စသည့် တဘောင်များ ပေါ်လာသည်။ စပါးတစ်တောင်း (တစ်တင်း)ငါးပဲဆိုသည်မှာ အိန္ဒိယနိုင်ငံသုံးငွေကြေးယူနစ်ဖြစ်သည့် ရူပီးငွေကို မြန်မာတို့သုံးရသည်။ တစ်ရူပီး (တစ်ကျပ်)လျှင် ပြားစေ့ ၆၄ စေ့ရှိသည်။ ပြားစေ့ လေးစေ့လျှင် တစ်ပဲ။ ရှစ်စေ့လျှင် တစ်မူးဖြစ်သည်။ တစ်ရူပီး(တစ်ကျပ်တွင်) ပဲစေ့ ၁၆စေ့ရှိရာ စပါးတစ်တင်းကိုငါးပဲ (တစ်ကျပ်ဖိုးသုံးတင်းကျော်)နှုန်းဖြင့် ဈေးနှိမ်ဝယ်ကြသည်။ ထိုတပေါင်ပေါ်လာပြီး မကြာမီပင် ဆေးဆရာကြီးသုပဏ္ဏက ဂဠုန ရာဇာဘွဲ့ခံ ဂဠုန်ဆရာစံ (ဦးစိုးသိမ်း ခေါင်းဆောင်သော ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ်ဝင်) ဦးဆောင်ကာ ၁၃၀၀ ပြည့် တောင်သူလယ်သမား အရေးတော်ပုံကြီး စတင်ခဲ့ခြင်း ဖြစ်သည်။

လွတ်လပ်ရေးရပြန်တော့လည်း ဝါဒအလီလီ၊ ပါတီအဝဝ၊ ဂိုဏ်းဂဏ အဖုံဖုံ၊ သူပုန်အစားစား ထကြွသောင်းကျန်းကာ အာဏာလု ပြည်တွင်းစစ်ကြီး ဖြစ်ခဲ့ရသည်။ ကျေးလက်နေပြည်သူများ လယ်ယာလုပ်ငန်းပင် ဖြောင့်ဖြောင့် မလုပ်ရ။ စိုက်ရေ ပျိုးရေမရှိလျှင်လည်း ကောင်းကင်မော့ကြည့်ပြီး မိုးမျှော်ရုံသာရှိသည်။ ဆည်တမံတည်ဆောက်မပေးနိုင်ခဲ့ကြ။ မြေရှင်များ၏ ဒဏ်ကိုလည်း ၁၉၆၀ ပြည့်လွန်နှစ်များအထိ ခံခဲ့ကြရသည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်း တပ်မတော်က နိုင်ငံတာဝန်ယူခဲ့ရပြီးမှ တစ်စတစ်စ ပြည်တွင်းငြိမ်းချမ်းလာသည်။ ဆည်မြောင်းတာတမံ ၂၇၀ ခန့် တည်ဆောက်ပေးထားပြီး ကုန်စည်စီးဆင်းမှုသွက်လက်ချောမွေ့ရန် လမ်းတံတားများကိုလည်း လက်ယှက်ထိုး တည်ဆောက်ပေးခဲ့သည်။

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းငါးရပ် ချမှတ်ဆောင်ရွက်ပေးခဲ့သည်။ စိုက်မြေပျိုးမြေသစ် ဧက သန်းပေါင်းများစွာဖော်ထုတ်ပြီး သီးထပ်၊ သီးညှပ်များ၊ နှမ်း၊ မိုး၊ ဆောင်း သုံးသီးစိုက်ခင်းများ၊ စက်မှုလယ်ယာ လက္ခဏာများ ပေါ်ထွန်းလာခဲ့သည်။

၇-၆-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် **"မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု သိသာစွာ လျော့ကျလာသည်ကို စစ်တမ်းများအရတွေ့ရ၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ၃၂ ရာခိုင်နှုန်းရှိ၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၂၆ ရာခိုင်နှုန်းသို့ လျော့နည်းကျဆင်းလာ"** ဟူသော ခေါင်းစဉ်ဖြင့် သတင်းကောင်းတစ်ပုဒ် ဖော်ပြထားသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်(ယူအန်ဒီပီ)၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)နှင့် ဆွီဒင်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Sida) တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ၊ ဘက်စုံလေ့လာမှုစစ်တမ်း ၂၀၁၀ တွေ့ရှိချက်များဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းသို့ လျော့နည်းကျဆင်းလာကြောင်း ပြောကြားသွားခဲ့သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ ပေါ်ထွန်းလာသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်သော ပြည်ထောင်စုအစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၂၀ ရက်နေ့မှစ၍ သုံးရက်ဆက်ကျင်းပရာ ဌာနဆိုင်ရာ ကျွမ်းကျင်သူများ၊ ပြင်ပပညာရှင်များက အကြံပြုစာတမ်းများ တင်သွင်းဖတ်ကြားဆွေးနွေးတင်ပြကာ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်ကြီးအတွက် အသိ၊ အတွေးကောင်းများ ပံ့ပိုးပေးခဲ့ကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကော်မတီ၏ (၁/၂၀၁၁) အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇွန်လ ၂၀ ရက်နေ့က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ယင်းအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က **"မြန်မာနိုင်ငံလူဦးရေဟာ သန်း ၆၀ခန့်ရှိတဲ့အနက် ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်နေပြည်သူများဖြစ်ကြပါတယ်။ ဆင်းရဲနွမ်းပါးကြသူအများစုဟာလည်း အဲဒီကျေးလက်တွေမှာ နေထိုင်ကြသူတွေဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးကြတဲ့ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယခင်အစိုးရလက်ထက်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတာဝန် (၅)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သန့်ရှင်းတဲ့ သောက်သုံးရေနဲ့ စိုက်ပျိုးရေရရှိရေးစတဲ့ ကဏ္ဍတွေမှာ အခြေခံကောင်းတွေ အထိုက်အလျောက်ရှိခဲ့ပြီး ဖြစ်ပါတယ်"** ဟူ၍ ရှင်းလင်းပြောကြားခဲ့သည်။

ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြအကြံပြုချက်များအရ လုပ်သင့်သော လုပ်ငန်းများ၊ လုပ်ရမည့် လုပ်ငန်းများနှင့် လုပ်နိုင်သည့် လုပ်ငန်းများကို ရွေးထုတ်သောအခါ အောက်ပါ လုပ်ငန်း(၈)ခု ပေါ်ထွက်ခဲ့သည်။

(က) လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊
(ခ) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊
(ဂ) ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(ဃ) အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(င) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(စ) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊
(ဆ) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး၊
(ဇ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လက်ရှိအခြေအနေနှင့် အနာဂတ်ရည်မှန်းဆောင်ရွက်မည့်အကြောင်းတို့ကို ဤသို့ ရှင်းလင်းပြောကြားသည်။

"မကြာမီက ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ အိမ်ထောင်စုများရဲ့ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်းအရ မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှု ရာခိုင်နှုန်းဟာ ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း သိရှိရပါတယ်။ သို့သော်လည်း ကုလသမဂ္ဂ ထောင်စုနှစ်ပန်းတိုင် (MDG) ရည်မှန်းချက်(၁) အရ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဆင်းရဲနွမ်းပါးမှုကို ထက်ဝက်လျှော့ချရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချရမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုအဆင့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ တိုင်းဒေသကြီးအဆင့်နဲ့ ပြည်နယ်အဆင့် လုပ်ငန်း ကော်မတီအသီးသီးကို ယခုဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ အနေနဲ့ မူဝါဒပိုင်းဆိုင်ရာတွေကို လမ်းညွှန်ချမှတ် ကြီးကြပ်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီအနေနဲ့ လုပ်ငန်းတစ်ခုချင်းအလိုက် ပြည်ထောင်စုဝန်ကြီးတစ်ဦးစီက တာဝန်ယူပြီး အောက်ခြေမှာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားကြမယ့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်း ကော်မတီများကို အထောက်အကူပေးသွားရန်ဖြစ်ပါတယ်။"

တိုင်းဒေသကြီးနှင့် ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီများအနေနှင့် မြို့နယ်ပေါင်း ၃၃၀၊ မြို့နယ်ခွဲ ၈၂ခုတို့သို့ အောက်ခြေအထိဆင်းပြီး မိမိအကျိုးနှင့် အများအကျိုးအတွက် အမှန်တကယ်အလုပ်လုပ်လိုသော ကျေးလက်နေပြည်သူများနှင့် ပူးပေါင်း၍ လုပ်ငန်းများ အောင်မြင်အောင် ထိထိရောက်ရောက် အကောင်အထည်ဖော်သွားကြမည်ဖြစ်သည်။

၂၀-၆-၂၀၁၁ ရက်နေ့ ဗဟိုကော်မတီအစည်းအဝေး၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံချက် (Action Plan) ၏ ဘောင် (Frame) မူကြမ်းကိုချပေးသည်။ ဝန်ကြီးဌာနအလိုက် လုပ်ငန်းများ မည်သို့ အကောင်အထည်ဖော်ကြမည်ကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြကြရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းအတွက် ပြည့်စုံစွာ ခင်းကျင်းပေးနိုင်ခဲ့ပြီဟုဆိုရပေမည်။ ယင်းစီမံချက်ကို အကောင်အထည်ဖော်မည့်ကာလမှာ ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ ဖြစ်ပေသည်။

ယင်းလုပ်ငန်း၊ ယင်းစီမံချက်ကို အကောင်အထည်ဖော်ရာ၌ မြို့နယ်များနှင့် ကျေးရွာများတွင် စိတ်တူကိုယ်တူများစုစည်း၍ အစုအဖွဲ့များ စုဖွဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုအစုအဖွဲ့များသည် နောင်သမဝါယမအသင်းများ အသွင်ကူးပြောင်းလာမည်ဖြစ်သည်။ အစုအဖွဲ့များ စုဖွဲ့ဆောင်ရွက်ရာ၌ အထက်မှအောက်သို့ အမိန့်ပေးစနစ် (Top Down Policy) ဖြင့် ဖွဲ့စည်းခြင်းမပြုဘဲ အောက်ခြေနှင့်အထက်အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်သည့်ပုံစံ(Bottom Up Initiative) ဖြင့် ဖွဲ့သွားမည်ဖြစ်ရာ အထက်အောက် ညီညွတ်ပြေလည်စွာ ပူးပေါင်းမိသောခွန်အား ဖြစ်ပေါ်လာနိုင်ပေသည်။

ဤသို့ လုပ်ငန်းကဏ္ဍ ရှစ်ခုကို ညီညွတ်လက်တွဲဖော်ဆောင်ရန် အသေးစိတ်လုပ်ငန်းအစီအစဉ်များလည်း ချထားပြီးပြီဟု သိရပေသည်။ ပြီးခဲ့သော (တပ်မတော်) အစိုးရလက်ထက် ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် စီးပွားတိုးတက်စေရေး အခြေခံအဆောက်အအုံများ ပြည့်ပြည့်စုံစုံ တည်ဆောက်ဖြည့်ဆည်းပေးထားခဲ့သည့်အပြင် ကျေးရွာချင်းဆက်လမ်း၊ ကျေးလက်နှင့် မြို့ပြချင်းဆက်လမ်း၊ ပြည်ထောင်စုလမ်းမကြီးများ၊ လမ်းသွယ်များ တည်ဆောက်ပေးထားပြီးဖြစ်သောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေး ရည်မှန်းချက် အောင်မြင်စေရန် အခြေခံကောင်းများ ရရှိပြီးဖြစ်သည်။ ကျေးလက်နေ တိုင်းရင်းသားပြည်သူများအနေဖြင့် ဥစ္စာရင်လို ဥစ္စာရင်ခဲ ညီညွတ်တက်ကြွစွာ မိမိတို့ ကျရာတာဝန်ကို ပီပီပြင်ပြင် ဆောင်ရွက်ကြမည်ဆိုပါက နန်းတော်ရှေ့ဆရာတင် ရေးစပ်ခဲ့သည့် ကျေးရွာဝါဒသီချင်းတွင် ပါသည့်အတိုင်း-

"အရင်ကနဲ့မတူ. . . ခေတ်မီးရောင်ထိန်. . .
ကုသိုလ်ဖြစ်ဆေးရုံ. . . ပွဲနဲ့လမ်းနဲ့သာသာယာယာ. . .
စာသင်ကျောင်းတွေနဲ့ ရှေးကနဲ့မတူပါ. . .
ကျေးရွာဝါဒ. . . ပြောင်းလဲလိုက်ကြပေါ့တစ်ခါ. . . "

ဆိုသောအပိုဒ်ကို ကျေးရွာတိုင်း သီဆိုကျူးရင့်ကြရပေတော့မည်။ ဂီတစာဆိုရွှေတိုင်ညွန့်ရေးသားပြီး အဆိုကျော် ရုပ်ရှင်မင်းသားကြီး ခင်မောင်ရင် သီဆိုဓာတ်ပြားသွင်းခဲ့သည့် နဂါးနီသီချင်းကို ရှေးက ဒို့ကျေးရွာသားများ စိတ်ကူးယဉ် မျှော်မှန်းရင်း သီဆိုခဲ့ကြသည်။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးခြင်း လျှော့ချရေးကို အင်နှင့် အားနှင့် စတင် အကောင်အထည်ဖော်ကြပြီးဖြစ်ရာ ဆရာရွှေတိုင်ညွန့်၏ နဂါးနီသီချင်းသည် ကျေးရွာများ၌ ပွဲတင်ရိုက်ဟည်းမျှ သီဆိုကြပေဦးတော့မည်။

"ဆင်းရဲခြင်းလွတ်ကင်းအောင်. . . လမ်းပြဆောင်ပါမည်. . .
ရတနာခုနစ်သွယ် တကယ်ပင်စုံညီ. . .
ဒို့အမျိုးသားတိုင်းပြည်. . . " ။ ။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များထံမှ ဩဝါဒခံယူပွဲ ကျင်းပ

ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ နာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များထံမှ ဩဝါဒခံယူပွဲတွင် သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၂

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များထံမှ ဩဝါဒခံယူပွဲကို ယနေ့ ညနေ ၄ နာရီတွင် အဆိုပါ စေတီတော် ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ မန္တလေးမြို့ နိကာယ နယူပဒေသကျောင်း မစိုးရိမ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာ ဘိဝံသနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ နာယကအဖွဲ့ဝင်များဖြစ်ကြသည့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ စေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာ ဘိဝံသထံမှ အခမ်းအနားသို့ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ နာယကအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်တို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်များဖြစ်ကြသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိတို့က ဩဝါဒကထာ မိန့်ကြားတော်မူကြသည်။

ဆက်လက်၍ ဩဝါဒါစရိယဆရာတော်များအား ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားတက်ရောက်လာကြသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၅	၁။	နိုင်ငံတော်သီချင်း
၇း၁၀	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာ့ရှုခင်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၀	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၃	၁။	နိုင်ငံတော်သီချင်း
၄း၀၄	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	လျှပ်တစ်ပြက်
၄း၂၀	၅။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၆။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၄၀	၇။	ရှေးဟောင်းသုတ
၅း၀၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၈၁)**
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၂။	**Mail Box**
၆း၃၅	၁၃။	ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၃၈)
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၄)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ဒွိတာဝန်အရေး(၃)ပါး
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၁၁ ဂုဏ်ပြုဖျော်ဖြေမှု အစီအစဉ်) -မြဝတီအငြိမ့်
	၂၁။	အိုင်စီတီသုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ်အိပ်မက်လေးရယ်(အပိုင်း-၁၉)**
	၂၄။	2011 FIFA WOMEN' S WORLD CUP (GERMANY) Semi Final-1 -France Vs United States (Live)

၁၄-၇-၂၀၁၁ (ကြာသပတေးနေ့)

၁း၁၅

2011 FIFA WOMEN' S WORLD CUP (GERMANY) Semi Final-2 -Japan Vs Sweden (Live)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးမည့်အစီအမံများ မကွေးမြို့၌ ရှင်းလင်းပြောကြား

နေပြည်တော် ဇူလိုင် ၁၂

နိုင်ငံသားအရည်အချင်းပြည့်မီသူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရာတွင် သတ်မှတ်ကုန်ကျငွေနှင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးမည့် အစီအမံများနှင့်စပ်လျဉ်းသည့် တွေ့ဆုံပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မိမိဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ တစ်နည်းအားဖြင့် နိုင်ငံသားအရည်အချင်းပြည့်မီသူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သတ်မှတ်ကုန်ကျငွေဖြင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် စတင်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လုပ်ငန်းများသွက်လက်မြန်ဆန် မှန်ကန်စေရေးအတွက် မိမိဌာနအနေဖြင့် ပြည်သူအပေါ် ဖြေလျှော့ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းစဉ်များကို ချမှတ်ထားပြီးဖြစ်ကြောင်း။

ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများက ကောင်းမွန်သော အကြံဉာဏ်များပေး၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့နယ် ဦးစီးဌာနမှူးရုံးခန်းမ၌ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းများ၏အခန်းကဏ္ဍ မြှင့်တင်ရေး၊ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပြောင်းလဲရေး၊ လာဘ်ပေးလာဘ်ယူပပျောက်ရေး၊ အသွင်သစ်ဖြင့် ဆက်ဆံရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားပြီး မကွေးတိုင်းဒေသကြီး တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးသို့ သွားရောက်၍ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် လူပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ လုပ်ငန်းဆိုင်ရာ မှတ်တမ်းဖိုင်များ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ရုံးခန်းများနှင့် ကွန်ပျူတာခန်းတို့ကိုလည်းကောင်း၊ ရာသီသီးနှံဧရိတ်နှင့် နှမ်းစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းမှုနှင့် နို့စားနွားများ မွေးမြူထားရှိမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ထို့နောက် ညနေ ၃ နာရီတွင် မင်းဘူးမြို့ရှိ ခရိုင်နှင့်မြို့နယ် ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး မှတ်တမ်းခန်းကို ကြည့်ရှုစစ်ဆေးကာ ရုံးခန်းမ၌ မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေး အဖွဲ့ဝင်များအား တွေ့ဆုံ၍လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်း တွေ့ဆုံပွဲ မစတင်မီ ဧည့်ရိပ်သာရှိ ဧည့်ခန်းမ၌ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာနှင့် သတ်မှတ်နှုန်းထားအတိုင်း ထုတ်ပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

ဘက်ထရီရှော့တိုက် (ကျဉ်စက်နည်းဖြင့်) ငါးဖမ်းဆီးခြင်းမပြုရန် သတိပေးနှိုးဆော်ချက်

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ ရေရှည်တည်တံ့စေပြီး စဉ်ဆက်မပြတ် ထုတ်လုပ်စားသုံးနိုင်ရေးအတွက် ငါးလုပ်ငန်းရေပြင်များ မပျက်စီးစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ ငါးမျိုးများ မပြုန်းတီးစေရန် ကာကွယ်တားဆီးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဘက်ထရီရှော့တိုက်၍ ငါးဖမ်းဆီးခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည့် ငါးဖမ်းနည်းဖြစ်ပါသည်။ ဘက်ထရီရှော့တိုက်နည်းဖြင့် ငါးဖမ်းဆီးခြင်းအားဖြင့် ငါးများနှင့် ယင်းတို့၏ ပတ်ဝန်းကျင်ရှိ သက်ရှိရေသတ္တဝါများကို ထိခိုက်ပျက်စီးစေပါသည်။

သို့ဖြစ်ပါ၍ ငါးလုပ်ငန်းဦးစီးဌာနမှ ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၃၄ (ခ)ဖြင့် ငါးမျိုးများပြုန်းတီးခြင်းကို ကာကွယ်ထိန်းသိမ်းရန်အတွက် ဘက်ထရီရှော့တိုက်နည်းဖြင့် ငါးဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ငွေဒဏ်ကျပ်သုံးသောင်းအထိဖြစ်စေ၊ ထောင်ဒဏ်သုံးနှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အပြစ်ဒဏ်ကျခံရမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

အဆင့်မြင့်မြေတိုင်းသင်တန်း ဖွင့်မည်

နေပြည်တော် ဇူလိုင် ၁၂

လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်းကို ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၆ ရက်အထိ နေပြည်တော်ရှိ Concordia ရုံးခွဲတွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ အဆိုပါသင်တန်းတွင် ကုန်းကြောင်းသုံးနှင့် ရေကြောင်းသုံး GPS နှစ်မျိုးလုံးအတွက် အခြေခံသီအိုရီနှင့် လက်တွေ့တိုင်းတာခြင်းများ Mapsource Software, Topcon Link Software, Civil CAD Software များဖြင့် Down Loading နှင့် Processing ပြုလုပ်ခြင်းများ၊Google Earth Software အသုံးပြုခြင်းနှင့် မြေပုံတိုင်းတာခြင်းများ၊ မြေတိုင်းတာခြင်းများကို ခေတ်မီ Instrument ဖြစ်သော Total Station ဖြင့် စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ဇူလိုင် ၁၂ ရက်မှ စတင်၍ သင်တန်းသားစာရင်း လက်ခံနေပြီဖြစ်ပြီး အခြေခံပညာအထက်တန်းသို့မဟုတ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ၊ ဘွဲ့ရပြီးသူများ၊ ရေယာဉ်လုပ်သားများ တက်ရောက်နိုင်ပြီး GPS ဘာသာရပ်တစ်ခုတည်း သီးသန့်တက်ရောက်လိုသူများ အတွက်လည်း အထူးအစီအစဉ်အနေဖြင့် စီစဉ်ထားရှိကြောင်းနှင့် အသေးစိတ်သိရှိလိုပါက Concordia Int Co., Ltd. အမှတ်(၁၄၄) သီရိရတနာအဆင့်မြင့်ဈေး နေပြည်တော် ဖုန်း-၀၆၇-၄၂၁၃၆၂၊ ၄၂၀၈၁၉ နှင့် ၀၉-၄၉၂၁၅၄၆၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။(ကြေးမုံ)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်

ဖားကန့် ဇူလိုင် ၁၂

ဖားကန့်မြို့အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရှိ အထကနှင့် အမကကျောင်းများအား အမှုဆောင်အရာရှိ ဦးကျော်လင်း၏ ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး ဦးမြင့်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးအောင်ကိုဦးတို့ ဦးဆောင်သော ဝန်ထမ်းများက ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

လပွတ္တာမြို့နယ်အသင်း စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၂

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် (သောကြာနေ့)နံနက် ၅ နာရီတွင် အမှတ်(၆၃) ပထမထပ် ဘုန်းကြီးလမ်းရှိ အသင်းတိုက်၌ လည်းကောင်း၊ ဇူလိုင် ၃၁ ရက်တွင် လပွတ္တာမြို့ ဆုတောင်းပြည့်ဘုရားကြီး၌ လည်းကောင်း ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဦးဟန်စိန်(ဒုတိယ ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၃၃၆၈၈၊ ဦးသန်းထွန်း ဖုန်း-၃၈၀၂၃၃၊ ဦးခင်မောင်လေး ဖုန်း-၀၉-၈၃၀၄၃၇၇ နှင့် အသင်းရုံး ဖုန်း-၂၂၂၀၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

❖ရှေ့ဖုံးမှ

အထူးအထွက်တိုးစပါး စိုက်ခင်းနှင့် တစ်ဧကေ တန် ၆၀ ထွက်ရှိမည့် အထူးအထွက်တိုးကြံစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်လိုဏ်တော်အတွင်းရှိ စကျင်ကျောက်ထွင်း ဗုဒ္ဓဝင်ပန်းချီကားများကို လေ့လာကြည်ညိုကြပြီး ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်သည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးချုပ်သည် စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က လက်ခံပြီး စေတီတော်ပုံတူပန်းချီကားအား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဧည့်သည်တော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ပရိဝုဏ်အတွင်းရှိ ရတနာဆင်ဖြူတော်အဆောင်၌ ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်သည် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။(သတင်းစဉ်)

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်းရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာန တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် ဇူလိုင် ၁၂

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ပွဲနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ကြားဆဲ ဝန်ထမ်း သား သမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသူ သုံးဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသား တစ်ဦးတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် လေးဘာသာဂုဏ်ထူးရှင် တစ်ဦးတို့အား ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက လည်းကောင်း၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦးတို့အား ညွှန်ကြားရေးမှူးချုပ်များက လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းနေ ဝန်ထမ်း သားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေများကို ဝန်ကြီးရုံးနှင့် ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များထံ ပေးအပ်သည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအနက် ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၃၁ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၅၉ ဦး ထူးချွန်စွာ အောင်မြင်ခဲ့ကြပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းနေ သားသမီးများနှင့် ပညာရည်ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ချီးမြှင့်ငွေကျပ် ၅၁၈ ဒသမ ၀၄၅ သိန်း၊ ကျောင်းဝတ်စုံ နှစ်စုံစီနှင့် ပညာသင်ကြားရေး အထောက်အကူပြုပစ္စည်းများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ရန်ကုန်-မန္တလေးအမြန်လမ်း (စကားအင်း-တံခွန်တိုင်အပိုင်း)လမ်း/တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်-မန္တလေးအမြန်လမ်း စကားအင်း-တံခွန်တိုင် လမ်းအပိုင်း မိုင်တိုင်အမှတ်(၃၅၆/၀)နှင့် (၃၅၆/၁)အကြား၌ မြေကာနံရံတည်ဆောက်နေမှု၊ မိုင်တိုင်အမှတ် (၃၆၁/၇)နှင့် (၃၆၂/၀)အကြား၌ ကျောက်စီမြေကာနံရံ တည်ဆောက်နေမှုနှင့် မိုင်တိုင်အမှတ်(၃၆၃/၆)နှင့် (၃၆၃/၇)အကြား၌ ရေစိမ့်တားလွှာ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လမ်းတစ်လျှောက် ကွန်ကရစ်ခင်းကျင်းပြီးစီးမှု၊ တံတားများ တည်ဆောက်ပြီးစီးမှု၊ ရေကာနံရံများနှင့် ကျောက်စီမြေထိန်းနံရံများ တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး စကားအင်း ရှင်းလင်းဆောင်၌ အင်ဂျင်နီယာချုပ် ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများအား တံတားများ၊ Box Culvert များ၊ Under Pass များကို လက်ရာသေသေသပ်သပ်ဖြင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လမ်းကို ရေစိမ့်ဝင်မှု၊ ရေတိုက်စားမှု မရှိစေရန် ရေကာနံရံများ၊ ကျောက်စီမြေထိန်းနံရံများကို စနစ်တကျ ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ မြစ်ရေမကြီးခင် အမြန်ဆုံးပြီးစီးရေး နေ့/ည မပြတ် ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့သည်။

(သတင်းစဉ်)



ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ရန်ကုန်-မန္တလေး အမြန်လမ်း စကားအင်း-တံခွန်တိုင်လမ်းအပိုင်း ကျောက်စီမြေကာနံရံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❑ ကျောဖုံးမှ

လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဖူးမြော်ကြည်ညို

ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြပြီး စေတီတော် ဘက်စုံတည်ဆောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကာ စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

တည်ခင်းဧည့်ခံ

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အေးရှားဝေါလ်ဆိပ်ကမ်းအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

လှည့်လည်ဖူးမြော်ကြည်ညို

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ရွှေတိဂုံစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀ MRTV-4 သတင်း
၅း၅၀ "အပ္ပာယ်ပိတ်" တရားတော် [နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဒေါက်တာကုမာရဘိဝံသ (ဗန်းမော်ဆရာတော်)]
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၃)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၅)**
၈း၅၀ သာသနာတော်အတွက်ရည်မျှော် . . ထေရဝါဒမြဗိမာန်တော်
၉း၁၀ ဖြည့်စွက်အလှူ . . . ကုသိုလ်ယူ မြွေအုံတော်စေတီမှ မြတ်သောအလှူ
၉း၂၅ တီတွတ်ရွာတွင်တည်ထားပူဇော် တာဝတိံသာစေတီတော်
၉း၄၀ အားကစားမြင်ကွင်းစုံ
၁၀း၁၀ ရန်ကုန်မြင်ကွင်းကျယ်
၁၀း၂၀ လေထုညစ်ညမ်းမှုနှင့်ကျန်းမာရေး
၁၀း၅၅ ဓာတ်ပုံထဲမှအမှတ်တရများ
၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ
၁၂း၂၀ စားချင်စဖွယ်နည်းအသွယ်သွယ်
၁၂း၄၀ လှိုင်သာယာမြို့နယ် ဆုတောင်းပြည့် ပတ္တမြားရွှေစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်အလှူတော်မင်္ဂလာ
၁း၀၀ "အပ္ပာယ်ပိတ်" တရားတော် [နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဒေါက်တာကုမာရဘိဝံသ (ဗန်းမော်ဆရာတော်)]
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၃)**
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၅)**
၅း၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "နှစ်လိမ့်တစ်ပတ်ရိုက်ကွင်း အမှတ်တရ"
၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ သင်ကြားရေးလမ်းညွှန်
၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၄)**
၇း၂၀ Cartoon Show Time
၈း၀၀ MRTV-4 သတင်း
၈း၃၀ သင်ယူလေ့လာအင်္ဂလိပ်စာ Nexus Language Centre မှာ
၈း၄၅ တွံတေးမြို့မှ ၂၀၁၁ သဲပုံစေတီပွဲတော်
၉း၀၀ Celebrity Style
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၆)**
၁၀း၂၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၀း၅၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၁၁း၁၀ World of Knowledge
၁၁း၅၅ မူဟန်ကိုယ်စီတေးကိုသီ
၁၂း၁၀ ဘဝများ(ဗေလုဝ)
၁၂း၃၀ အလှပန်းများလန်းစေချင်သည်
၁၂း၃၅ နုယဉ်ဆန်းထွင်ပန်းအလှဆင်
၁း၀၅ အဆီအနှစ်ပြည့်ဝသောသဘာဝ အရသာနန်းဝေနို့မှုန့်မှာ
၁း၂၅ Box Office Movies (Star Trek)
၁း၄၅ ကြည်လင်တောက်ပြောင်မှုနှင့် ထပ်တူ
၁း၅၅ ကိုယ်ပိုင်ဟန်ဖက်ရှင်
၂း၂၀ နည်းစနစ်မှန်မှန်ကော်ဖီစိုက်ပျိုးရန်
၂း၄၀ 2D
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၄း၁၀ ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
၄း၃၀ လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
၄း၄၀ ကြည်ညိုဖူးမြော်ပုဂံဘုရားစေတီတော်
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့သုံးစွဲမှု ညှိနှိုင်းအစည်းအဝေးကျင်းပ

အမှန်တကယ်ထုတ်လုပ်နိုင်မှုအပေါ် တွက်ချက်ပြီး စွမ်းအင်လိုအပ်ချက်ကို ဒေသအလိုက် မျှတခွဲဝေသုံးစွဲ

နေပြည်တော် ဇူလိုင် ၁၂

နိုင်ငံတော်ရှိ စက်ရုံ၊ အလုပ်ရုံများ၏ လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့သုံးစွဲမှု ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လျာထားသုံးစွဲ

ရှေးဦးစွာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကမ္ဘာကြီး၌ စွမ်းအင်ကို အကျိုးရှိစွာနှင့် ထိရောက်စွာ သုံးစွဲလျက်ရှိကြောင်း၊ စွမ်းအင်သုံးစွဲရာတွင် Energy Efficiency၊ Energy Saving၊ Energy Conservation နှင့် Waste Energy များကို Recycling ပြုလုပ်သုံးစွဲနေကြကြောင်း၊ လာမည့် ၂၀၂၀ ခုနှစ်၌ ယခုသုံးစွဲနေသည့် Energy များကို ရာခိုင်နှုန်းတစ်ခုအထိ လျှော့ချသုံးစွဲရမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများအနေဖြင့် လုပ်ငန်းလည်ပတ်နိုင်မှုအပေါ် လျာထားပြီး စွမ်းအင်လိုအပ်ချက်ကို တွက်ချက်တင်ပြကြကြောင်း၊ လက်တွေ့တွင် ကုန်ကြမ်းပစ္စည်း၊ ကျွမ်းကျင်လုပ်သားနှင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး တင်ပြချက်အတိုင်း အပြည့်အဝ လည်ပတ်နိုင်ခြင်းမရှိကြောင်း၊ အမှန်တကယ် ထုတ်လုပ်နိုင်မှုအပေါ်သာ တွက်ချက်ပြီး စွမ်းအင်လိုအပ်ချက်ကို ဒေသအလိုက် မျှတခွဲဝေ သုံးစွဲသွားရေး၊ ပြည်သူများအသုံးပြုနိုင်ရေး၊ စက်မှုလုပ်ငန်းများ အသုံးပြုနိုင်ရေးတို့အတွက် လျာထားသုံးစွဲ စီမံခန့်ခွဲရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက ယခင်က လျှပ်စစ်ဓာတ်အားကို တစ်နေ့လျှင် ၁၂၀၀ ~ ၁၆၀၀ ကီလိုဝပ်သန်းပေါင်း ထုတ်လုပ်ရာမှ ယခုနှစ်တွင် ၈၄၀၀ ကီလိုဝပ် သန်းပေါင်းအထိ ထုတ်လုပ်ပေးနိုင်သည့် အခြေအနေရှိကြောင်း၊ တစ်နေ့ပျမ်းမျှ ထုတ်လုပ်မှုကို ၁၁၅၀ ကီလိုဝပ်/ နာရီနှုန်းနှင့် ထုတ်လုပ်ပြီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူဖြန့်ဝေလျက်ရှိကြောင်း၊ နေ့စဉ်နံနက် ၈ နာရီမှ ည ၉ နာရီအထိ တစ်နိုင်ငံလုံး၏ လျှပ်စစ်သုံးစွဲမှုမှာ ၁၄၀၀ ကီလိုဝပ်/နာရီနှုန်းဖြစ်ကြောင်း၊ ယင်းနောက်ပိုင်းအချိန်များတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု လျော့နည်းသည့်အတွက် ထုတ်လုပ်မှုလုပ်ငန်းများကို ညပိုင်းအချိန်များတွင် ပိုမိုထုတ်လုပ်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထုတ်လုပ်ပေး

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက သဘာဝဓာတ်ငွေ့ကို နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအတွက် လိုအပ်ချက်၏ ၄၀ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများအတွက် လိုအပ်ချက်၏ တစ်ရာခိုင်နှုန်းကိုသာပေးနိုင်ကြောင်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအနေဖြင့် သဘာဝဓာတ်ငွေ့လိုအပ်ချက် ၅၇၁ ဒသမ ၇၁ ကုဗပေသန်းပေါင်းရှိရာ ၂၃၁ ဒသမ ၄၄ ကုဗပေ သန်းပေါင်းကိုသာ ဖြန့်ဝေနိုင်ကြောင်း၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်သုံးစွဲမှုအနေဖြင့် ပိုက်လိုင်းများ တပ်ဆင်ဆက်သွယ်ပြီးစီးမှုအရ ကုဗပေသန်းပေါင်း ၂၄၀ ကိုသာ ဖြန့်ဝေနိုင်သေးသည်ဖြစ်ကြောင်း၊ နိုင်ငံပိုင် စီမံကိန်းစက်ရုံအသစ်များ တည်ဆောက်လျှင် စွမ်းအင်လိုအပ်ချက်ကို ကြိုတင်ပြင်ဆင်ညှိနှိုင်းထားရန် လိုအပ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်တွင် တစ်နိုင်ငံလုံးအတွက် သဘာဝဓာတ်ငွေ့ကုဗပေသန်းပေါင်း ၄၂၀ သာ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက လျှပ်စစ်ဓာတ်အားဖြန့်ဝေမှုနှင့် စပ်လျဉ်း၍ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်တို့၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး နောင်စက်ရုံများ၏ အမှန်တကယ် လိုအပ်သည့် လျှပ်စစ်ဓာတ်အားပမာဏကို တောင်းယူပြီး စွမ်းအင်ကို ထိရောက်စွာ သုံးစွဲရေးအတွက် ဆောင်ရွက်နိုင်ရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက ဌာနအလိုက် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ၏ ထုတ်လုပ်မှုအရ လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စီမံကိန်းစက်ရုံများ တည်ထောင်ရာတွင် ပြည်တွင်းစွမ်းအင်ရရှိမှုအပေါ် အဓိက တွက်ချက်ရန်ချည်းမဟုတ်ဘဲ Independent စွမ်းအင်ရရှိမှုအပေါ်မူတည်၍ သုံးစွဲရေးကို စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာပြည်၏ မြောက်ပိုင်း၌ လျှပ်စစ် Source Potential များရှိနေ၍ စီမံကိန်းစက်ရုံသစ်များကို ၎င်းနယ်မြေနှင့် အလှမ်းမဝေးသောဒေသများ၌ တည်ဆောက်ရန် မဟာဗျူဟာအရ စဉ်းစားရန်လိုအပ်ကြောင်း၊ စီမံကိန်းစက်ရုံသစ်များ တည်ဆောက်ရာတွင် Energy Efficiency၊ Energy Saving၊ Energy Conservation နှင့် Energy Recycling ပြုလုပ်နိုင်ရေးတို့အတွက် ဆောင်ရွက်သင့်ကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

MSI နိုင်ငံတကာပညာရေး စုံညီပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၂

Myanmar Search International (MSI) Education Consultancy Services Co., Ltd. မှ ကြီးမှူး၍ နိုင်ငံတကာ ပညာရေးစုံညီပွဲကို Park Royal Hotel ရှိ Ball Room (1) နှင့် (2) တို့တွင် ဇူလိုင် ၁၅ ရက် နံနက် ၁၁ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး Curtin University: Sarawak (Australia)၊ Taylor's University၊ Kaplan Higher Education Academy (Singapore)၊ PSB Academy၊ Webster University (Thailand) စသည့် နိုင်ငံခြားတက္ကသိုလ်များသို့ သွားရောက်ပညာသင်ယူမည့် ကျောင်းသားများအတွက် ကြိုတင်ပြင်ဆင်ရမည့် အချက်အလက်များ၊ ၎င်းတို့ကျောင်းတက်နေစဉ် ကာလတွင် ကြုံတွေ့ရမည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးမည်ဖြစ်သည်။ ပညာရေးစုံညီပွဲကို လာရောက်၍ ကျောင်းသားများ စိတ်ကြိုက်ဘာသာရပ်များကို ရွေးချယ်မေးမြန်းနိုင်သလို အလုပ်အကိုင် အခွင့်အလမ်းရရှိမှု လွယ်ကူသော ဘာသာရပ်များကိုလည်း သက်ဆိုင်ရာ ကျောင်းများမှ တိုက်ရိုက် ရှင်းလင်းဆွေးနွေးပေးမည်ဖြစ်သည်။ Science ဘာသာရပ်များ၊ Arts ဘာသာရပ်များနှင့် International Relation နှင့် Psychology ဘာသာရပ်များကို အဓိကထား ဆွေးနွေးပေးမည်ဖြစ်သည်။ ပညာသင်ဆုများ လျှောက်ထားလိုသော ကျောင်းသားများအနေဖြင့် ဇူလိုင် ၁၄ ရက် ညနေ ၅ နာရီ နောက်ဆုံးထားပြီး Myanmar Search International ပညာရေးဝန်ဆောင်မှု အမှတ် (၂၃၄) ဒုတိယထပ် (ယာ) ရွှေဘုံသာအလယ်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၀၁ -၂၅၀၉၂၉၊ ၀၁-၃၈၉၉၁၅၊ ၀၉-၅၁၀၃၉၁၅တို့သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

နေပြည်တော် ဇူလိုင် ၁၂

ယနေ့ ညနေ ၄ နာရီ ၅၅ မိနစ် ၀၇ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ အရှေ့ဘက် ၁၅၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မိုင်းရှူးမြို့နယ် ဝမ်မိုင်းကျေးရွာအနီး)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
အစဉ်
စိုက်ပျိုး
အလှတိုး

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ရေစကြိုမြို့နယ်ကျေး လက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဆွေးနွေးမှာကြား

နေပြည်တော် ဇူလိုင် ၁၂

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် ဇူလိုင် ၈ ရက် ညနေ ၃ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ ဆင်ချောင်းစံပြကျေးရွာ ပုံ့သုကူကျောင်းတိုက်ဓမ္မာရုံ၌ ဆင်ချောင်းစံပြကျေးရွာအုပ်စုရှိ ကျေးရွာခြောက်ရွာမှ ဒေသခံပြည်သူများအား တွေ့ဆုံခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီတွင် သစ်ကြီးတောကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ သစ်ကြီးတောကျေးရွာအုပ်စု၊ ဝက္ကတောကျေးရွာအုပ်စု၊ ကမ်းဖြူကျေးရွာအုပ်စုနှင့် ငွေးရုံကျေးရွာအုပ်စုတို့ရှိ ကျေးရွာ ၁၂ ရွာမှ ဒေသခံပြည်သူများအားလည်းကောင်း၊ မအူအောက်ဆိပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မအူအောက်ဆိပ်ကျေးရွာအုပ်စု၊ ပရိမ်သာကျေးရွာအုပ်စုနှင့် မအူအလယ် ကျေးရွာအုပ်စုတို့ရှိ ကျေးရွာ ၁၄ ရွာမှ ဒေသခံပြည်သူများအား လည်းကောင်း၊ ကုက္ကိုစုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကုက္ကိုစုကျေးရွာအုပ်စု၊ သံပြာချောင်းကျေးရွာအုပ်စု၊ နိပဆေးတောကျေးရွာအုပ်စု၊ တောင်ဦးကျေးရွာအုပ်စု၊ ရွာထောင်ကျေးရွာအုပ်စုနှင့် ကြက်ဆူကွင်းကျေးရွာအုပ်စုတို့ရှိ ကျေးရွာပေါင်း ၁၇ ရွာမှ ဒေသခံပြည်သူများအားလည်းကောင်း တွေ့ဆုံခဲ့သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီခွဲတွင် မြေခဲတောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကိုင်းမကြီးကျေးရွာအုပ်စုနှင့် ကျောက္ကာကျေးရွာအုပ်စုတို့ရှိ ကျေးရွာပေါင်း ခုနစ်ရွာမှ ဒေသခံပြည်သူများအား လည်းကောင်း၊ သဲတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ သဲတောကျေးရွာ အုပ်စုရှိ ကျေးရွာ ခုနစ်ရွာမှ ဒေသခံပြည်သူများအား လည်းကောင်း တွေ့ဆုံခဲ့သည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် သစ်ကြီးတောကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ၌ နိုင်ငံတော်အစိုးရ အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းကော်မတီရှစ်ခု ဖွဲ့စည်းအကောင်အထည်ဖော်နေမှု၊ ကျေးလက်နေပြည်သူများ တစ်ဦးချင်း ဘဝ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စားရေး၊ နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ထုတ်ကုန်များ ထုတ်လုပ်ရေး စသည်တို့ကို စီမံချက်ဖြင့် တိုးမြှင့်ဆောင်ရွက်ပေးမည့် အခြေအနေများ၊ အလုပ်လုပ်ချင်စိတ်ရှိပြီး ကတိတည်၍ သစ္စာရှိသူ၊ အမှန်တကယ် အရင်းအနှီးလိုသူ၊ ကိုယ့်အကျိုးနှင့်အတူ အများအကျိုးကိုပါ ဆောင်ရွက်လိုစိတ်ရှိသူ၊ လက်လုပ်လက်စားများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ တောင်သူလယ်သမားများ၊ မွေးမြူရေးသမားများ၊ အိမ်ဆိုင်၊ လက်လီဆိုင်များအား ဦးစားပေး၍ ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တစ်နိုင်ငံလုံး ဆင်းရဲနွမ်းပါးသူ ၂၆ ရာခိုင်နှုန်းရှိနေရာမှ ဘက်စုံကဏ္ဍစုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာကာ ၂၀၁၅ခုနှစ်တွင် ၁၃ ရာခိုင်နှုန်းသို့ လျှော့ချရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ဆက်လက်ကျင်းပ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၁၂

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် သွားရောက်ကြည့်ရှုအားပေးသည်။ **(ဓါတ်ပုံ)**

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိလာပြီး ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲများ ဝယ်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို နံနက် ၈ နာရီမှ စတင်၍ စိတ်ဝင်တစား ကြည့်ရှုလေ့လာ ဝယ်ယူကြရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက လိုအပ်သည်များကို ကြီးကြပ်ကူညီဆောင်ရွက်ပေးကြသည်။

အလားတူ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြသူများနှင့် မဏိရတနာကျောက်စိမ်းခန်းမ၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာအရောင်းဆိုင်များတွင် ဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့အထိ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၁၂၀ ရောင်းချရကြောင်းနှင့် အထူးရောင်းချပွဲကို ဇူလိုင် ၁၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်တွင်းအားကစားသတင်းများ ပြည်တွင်းအားကစားသတင်းများ ပြည်တွင်းအားကစားသတင်းများ

စစ်တုရင်အားကစားတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား CAMPOMANES MEMORIAL YANGON INTERNATIONAL OPEN CHESS TOURNAMENT ကိစ္စဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အတွင်းရေးမှူး အရှေ့တောင်အာရှ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Leong Chee Weng Ignatius သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ စစ်တုရင်အားကစား တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစား လေ့ကျင့်ရေးစခန်း၌ ပဏာမ မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ်အားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး လေ့ကျင့်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာ၍ နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန်၊ ထိထိရောက်ရောက် အစွမ်းကုန်ကြိုးစား လေ့ကျင့်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ပဏာမ မြန်မာ့လက်ရွေးစင် အားကစားသမားများနှင့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ ပဏာမ မြန်မာ့လက်ရွေးစင် အားကစားသမားများ လေ့ကျင့်နေမှုများ၊ လူငယ်အားကစား လေ့ကျင့်ရေးစခန်းရှိ မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ စားရိပ်သာနှင့် အိပ်ဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။(အောက်ပုံ)

အမှတ်(၁)နေပြည်တော်အားကစားကွင်း၊ အုပ်စု(ဃ)

ပညာရေးဝန်ကြီးဌာန နှစ်ဂိုး

(အောင်ကျော်မိုး၊ သူရကျော်)

သာသနာရေးဝန်ကြီးဌာန ဂိုးမရှိ

ဒိုင်လူကြီး-ဦးသောင်းရွှေမိုး (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

အမှတ်(၂)နေပြည်တော် အားကစားကွင်း၊ အုပ်စု(င)

ဟိုတယ်/ခရီးဝန်ကြီးဌာန ခြောက်ဂိုး

(အိုင်းမင်းချစ်-နှစ်ဂိုး၊ အာကာမင်း၊ ဇော်လွင်ဦး ဇော်ဝင်းထွန်း၊ အောင်ရဲကျော်ထင်)

စီမံ/စီးပွားဝန်ကြီးဌာန တစ်ဂိုး

(ရဲဇော်အောင်)

ဒိုင်လူကြီး - ဦးတင်ထွန်းလေး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ယနေ့ အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ ကျင်းပသော ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်သို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လာရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော် လယ်ဝေးအားကစားကွင်း၊ အုပ်စု(င)

ပြည်ထဲရေးဝန်ကြီးဌာန ကိုးဂိုး

(ထွန်းထွန်းနိုင်-ငါးဂိုး၊ အောင်ကိုကိုကျော်-နှစ်ဂိုး၊ ကျော်မင်းအောင်နှင့် လှဝင်းထွန်း)

နယ်စပ်ရေးရာဝန်ကြီးဌာန တစ်ဂိုး

(အောင်ဇင်ဦး)

၁၃-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့) ပွဲစဉ်များ

အမှတ်(၁)နေပြည်တော်အားကစားကွင်း အုပ်စု(စ)

အားကစားနှင့် လူဝင်မှုကြီးကြပ်ရေး

အမှတ်(၂)နေပြည်တော်အားကစားကွင်း အုပ်စု(ဆ)

လူမှုဝန်ထမ်းနှင့် အမှတ်(၁) လျှပ်စစ်

နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(စ)

ကျန်းမာရေးနှင့် အမှတ်(၂) လျှပ်စစ်

(၁၀၇)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ရောက်ရှိ

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲပိုင်းတွင် အလုံမြို့နယ်ရှိ အေးရှားဝေါလ်ဆိပ်ကမ်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က မြန်မာနိုင်ငံရှိ ဆိပ်ကမ်းများအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် ရေနက်ဆိပ်ကမ်းများအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က အေးရှားဝေါလ်ဆိပ်ကမ်း တည်ဆောက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အေးရှားဝေါလ်ဆိပ်ကမ်းအတွင်း **စာမျက်နှာ ၉ ကော်လံ ၁ သို့**❑

ကြိုဆို နှုတ်ဆက်

ရန်ကုန်မြို့သို့ ရောက်ရှိလာသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)